AMRO
ASEAN +3 MACROECONOMIC RESEARCH OFFICE

10 Shenton Way
#15-08, MAS Building
Singapore 079117
T: +65 6323 9844
F: +65 6223 8187
www.amro-asia.org

# မြန်မာဘာသာဖြင့် AREO ၂၀၁၉
# ASEAN+3 ဒေသဆိုင်ရာ စီးပွားရေးအလားအလာ ၂၀၁၉
## အဓိက သတင်းစကားများ

### မေခရိုစီးပွားရေး အလားအလာနှင့် စိန်ခေါ်မှုများ

၁။ **ရေရှည်တည်တံ့သော ဒေသတွင်းဝယ်လိုအားကြောင့် ASEAN+3 ဒေသမှာ ဆက်လက် ကြံ့ကြံ့ခံနိုင်မည်။** နည်းပညာ/ငွေလုံးငွေရင်းအသုံးစရိတ် စက်ဝန်း နေးကွေးမှုနှင့် အမေရိကန် - တရုတ် ကုန်သွယ်ရေး စေ့စပ်ညှိနှိုင်းမှု မသေချာ မရေရာမှုများကြောင့် ပို့ကုန်ဆွဲချမှုရှိသဖြင့် ဒေသဆိုင်ရာစီးပွားရေး တိုးတက်မှုသည် ယခုနှစ်တွင် အတန်အသင့်ဖြစ်သော အနည်းငယ်မျှသာ ၅.၁% နှင့် ၂၀၂၀ ပြည့်နှစ်တွင် ၅.၀% အသီးသီးရှိမည်ဟု ခန့်မှန်းသည်။

၂။ **ရေတိုကာလအတွက် ဒေသက ရင်ဆိုင်နေရသော အန္တရာယ်များမှာ အဓိကအားဖြင့် ပြင်ပအန္တရာယ်များ ဖြစ်သည်။** AMRO ၏ ကမ္ဘာ့ဘေးဖြစ်နိုင်ချေမြေပုံအရ အကြီးမားဆုံး အန္တရာယ်မှာ အလယ်အလတ် ဖြစ်နိုင်ချေမြင့်မားသော သက်ရောက်မှုကဲ့သို့ အမေရိကန်သည် အခွန်တိုးကောက်မှု ပြဌာန်းခြင်းကြောင့် ကမ္ဘာ့ကုန်သွယ်ရေးတင်းမာမှု အရှိန်မြှင့်တက်လာဆဲဖြစ်ခြင်းသည် ထူးခြားသည့် သွင်ပြင်လက္ခဏာ ဖြစ်သည်။ ယင်းအန္တရာယ် ဖြစ်နိုင်ချေက ကမ္ဘာ့စီးပွားရေးတိုးတက်မှုအပေါ် သက်ရောက်နေပြီး၊ ငွေလုံးငွေရင်းအသုံးစရိတ် နည်းပညာစက်ဝန်း နေးကွေးမှုက ပိုမိုဆိုးဝါးစေကာ ပိုမိုကြီးမားစွာ အရှိန်လျော့ကျစေနိုင်သည်။ မျှော်လင့်ချက်များ ရုတ်တရက် ပြောင်းလဲနိုင်သည့်အတွက် မတည်ငြိမ်သော ငွေကြေးဈေးကွက်များကြောင့် ဒေသကို ထိခိုက်နိုင်သည်။

၃။ **ပြင်ပ ဝယ်လိုအားနေးကွေးမှုကြောင့် ဆိုးကျိုးများကို ခံနိုင်ရန် ဒေသမှာ အခြေအနေကောင်းသည်။** ရေတိုကာလ အန္တရာယ်ကို ကိုင်တွယ်ပြီး ရေရှည်တိုးတက်စေရန်၊ ဒေသဆိုင်ရာ မူဝါဒချမှတ်သူများအနေဖြင့် စီးပွားရေးလုပ်ငန်းနှင့် ကြွေးမြီစက်ဝန်းအပြင် ၎င်းတို့၏ ပြင်ပနေရာများနှင် ငွေကြေးထိခိုက်နိုင်ချေများရှိ သက်ဆိုင်ရာ စီးပွားရေး စက်ဝန်းနေရာများအလိုက် မူဝါဒအရောကို ရေးဆွဲသင့်သည်။ AMRO ၏ လေ့လာဆန်းစစ်မှု အရ ဒေသဆိုင်ရာ နိုင်ငံအများစုတွင် လုံလောက်သော အရန်ငွေကြေးနှင့် ဘဏ္ဍာရေးကြားခံများ ရှိကြသည်။ ၎င်းတို့မှာ အများအားဖြင့် စီးပွားရေးစက်ဝန်းအလယ်အဆင့်တွင်ရှိပြီး တိုးတက်မှုမှာ သက်ဆိုင်ရာ ရေရှည် လမ်းကြောင်းပေါ်၌ရှိကာ ထုတ်လုပ်မှုကွာခြားချက်သည် သုည အနီးနှင့် ငွေကြေးဖောင်းပွမှုမှာ မူဝါဒ ရည်မှန်းချက်အတွင်း သို့မဟုတ် ရေရှည်လမ်းကြောင်း ပတ်လည်တွင် ရှိနေသည်။ ဒေသအတွင်းရှိ ကြွေးမြီစက်ဝန်း အများစုမှာ ပြန်လည်နာလန်ထူခြင်း သို့မဟုတ် နေးလာသည့် အနေအထားရှိပြီး ကြွေးမြီတိုးတက်မှုမှာ လားရာများနှင့် နီးစပ်သည်။

၄။ **လက်ရှိမူဝါဒများမှာ သင့်တော်သော်လည်း ဒေသတွင်းရှိ အာဏာပိုင်များမှာ ငွေကြေးတည်ငြိမ်မှုကို ထိန်းသိမ်းရင်း မူဝါဒအရောကို ပြန်လည်ရေးဆွဲရန် အဆင်သင့်ရှိနေသင့်သည်။** ၎င်းတို့တွင် သင့်တော်သည့်နေရာ၌ ငွေကြေးမူဝါဒဖြေလျော့ခြင်း၊ အဆောက်အအုံပြုပြင်ရေးကို အားပေးရန် ရည်မှန်း ဘဏ္ဍာရေးလုပ်ငန်းနှင့် အဆောက်အအုံမူဝါဒများ ပေါင်းစပ်လျက် အထောက်အကူပြု ဘဏ္ဍာရေးမူဝါဒကို ရေရှည်တည်တံ့စေခြင်း၊ ငွေကြေးထိခိုက်နိုင်ချေများမှ ကာကွယ်ရန် တင်းကြပ်သော မေခရိုငွေရေးကြေးရေး မူဝါဒကို ထိန်းသိမ်းခြင်းတို့ ပါဝင်သည်။ **ထိုသို့ အနည်းငယ်ကျဆင်းမည့် အလားအလာရှိစေကာမူ၊** ကြီးထွားလာသည့် လူလတ်တန်းစားအလွှာ၊ မြန်ဆန်သည့် မြို့ပြဖွံ့ဖြိုးမှုနှင့် ဒစ်ဂျစ်တယ်နည်းပညာ ကျင့်သုံးလာမှုများအကြား အားကောင်းသည့် စားသုံးမှုနှင့် ဒေသတွင်းကုန်သွယ်မှုများ၏ အထောက်အကူပြုမှုဖြင့် **ဒေသ၏ ရေရှည်စီးပွားရေး အခြေခံများမှာ ကောင်းမွန်နေဆဲ ဖြစ်သည်။** ထုတ်လုပ်မှုစွမ်းရည်နှင့် ချိတ်ဆက်မှုမြှင့်တင်ရေး၊ ဒေသတွင်း ငွေကြေးဈေးကွက်များ ကျယ်ပြန့်ရေးတို့ကဲ့သို့ ရေရှည်မူဝါဒ ဦးစားပေးမှုများကို ဆက်လက်ဆောင်ရွက်သင့်သည်။

## ဆောင်ပုဒ်။ စီးပွားရေးခေတ်သစ်အတွက် ချိတ်ဆက်မှုနှင့် စွမ်းရည်မြှင့်တင်ရေး

၅။ "ပို့ကုန်အတွက် ကုန်ထုတ်လုပ်ခြင်း" မဟာဗျူဟာဖြင့် ဆယ်စုနှစ် ၂ ခုကြာ တိုးတက်ခဲ့ပြီးနောက် စီးပွားရေးခေတ်သစ်သို့ အောင်မြင်စွာ ကူးပြောင်းရန်အတွက် ဒေသအနေဖြင့် နည်းပညာ၊ ပေါင်းစည်းမှုနှင့် နိုင်ငံစုံ အဖွဲ့အစုံကို ကြိုဆိုရန်လိုအပ်သည်။ **စီးပွားရေးတိုးတက်မှု၏ နောက်တစ်ဆင့်အတွက်၊ ဒေသအနေဖြင့် စွမ်းရည်နှင့် နိုင်ငံဖြတ်ကျော် ချိတ်ဆက်မှုကို ကောင်းမွန်အောင် အားထုတ်မှုကို နှစ်ဆတိုးရန် လိုအပ်သည်။**

၆။ **ကာလလတ်နှင့် ကာလရှည်၌ဒေသ၏ စွမ်းရည်နှင့် ချိတ်ဆက်မှု ဦးစားပေးမှုများကို အဓိက မောင်းနှင်အား သုံးခုက ပုံဖော်သွားမည် ဖြစ်သည်။** ၎င်းတို့မှာ စတုတ္ထ စက်မှုတော်လှန်ရေး သို့မဟုတ် ပို၍ကျယ်ကျယ်ပြန့်ပြန့် ပြောဆိုပါက စီးပွားရေးခေတ်သစ်ဆီသို့ ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲမှုမှ ပေါ်ထွန်းလာသော လိုအပ်ချက်များ၊ အရှေ့အာရှ၏ ကြီးမားလာသည့် လူလတ်တန်းစားနှင့်တကွ ပြည့်ဝပြီး ပိုမိုကြွယ်ဝလာသည့် လူဦးရေနှင့် ဒေသတွင်း ဝယ်လိုအားနှင့် ကုန်သွယ်မှုနှင့် နည်းပညာကဏ္ဍ ကိုယ်ကျိုးစီးပွားကာကွယ်လိုမှုတို့မှ ဖြစ်ထွန်းလာသည့် ဆန့်ကျင်အားများအကြား တင်းမာမှုတို့ ဖြစ်သည်။

၇။ **ဒေသတွင်းရှိ ဖွံ့ဖြိုးဆဲနိုင်ငံများမှာ တိုးတက်မှုအတွက် စိန်ခေါ်မှုသုံးခုကို ဆက်လက်ရင်ဆိုင်နေရပြီး ၎င်းတို့မှာ ငွေကြေးထောက်ပံ့မှု၊ နိုင်ငံခြားငွေကြေးနှင့် အခြေခံအကြောင်းရင်း ကွာခြားချက်တို့ဖြစ်သည်။** ငွေကြေးထောက်ပံ့မှု ကွာခြားချက်သည် ဝင်ငွေနိမ့်နိုင်ငံများ၌ ပြည်တွင်းစုဆောင်းမှုနည်းခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်များခြင်းအကြား ကွာဟချက်ဖြစ်ကာ နိုင်ငံခြားငွေ ကွာခြားချက်မှာမူ၊ ငွေအရင်းအနှီး ရုတ်တရက်စီးထွက်ခြင်း အန္တရာယ်ကိုလျော့ချရေး အရန်နိုင်ငံခြားငွေ စုဆောင်းရန် ဖြစ်ထွန်းစ စီးပွားရေးများအပေါ် ငွေကြေးဖိအားရှိနေခြင်းဖြစ်သည်။ အခြေခံအကြောင်းရင်း ကွာခြားချက်မှာ ငွေကြေးမဟုတ်သော အကန့်အသတ်များဖြစ်ကာ လူသားအရင်းအနှီး၊ ကျွမ်းကျင်မှု၊ နည်းပညာစွမ်းရည်နှင့် အုပ်ချုပ်ရေးမူဘောင်လိုအပ်ချက်များ ပါဝင်သည်။

၈။ အဆိုပါ စိန်ခေါ်မှုများကို ကိုင်တွယ်ရာတွင် ASEAN+3 နိုင်ငံများသည် ဒေသတွင်းစုဆောင်းမှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အကောင်းဆုံးအသုံးချရန်၊ ချင်းမိုင် နိုင်ငံစုံ အဖွဲ့စုံ ပါဝင်သောအဖွဲ့ (CMIM) အပါအဝင် ဒေသတွင်း ငွေကြေး လုံခြုံစိတ်ချမှု ကွန်ယက်များကို အားကောင်းစေရန်နှင့် ASEAN+3 ၏ နည်းပညာစွမ်းရည်၊ ကဏ္ဍအမျိုးမျိုး၌ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုဖွံ့ဖြိုးရေး အားထုတ်မှုကို နှစ်ဆတိုးမြှင့်ကာ အဖွဲ့အစည်းများ တိုးတက်ရေး၊ အုပ်ချုပ်မှု ကောင်းမွန်ရေးကိုလည်း အားကောင်းစေရန် အထူးလိုအပ်သည်။

## နောက်ဆက်တွဲ

### ၂၀၁၉-၂၀၂၀ ဂျီဒီပီ တိုးတက်မှုနှင့် ငွေကြေးဖောင်းပွမှု AMRO ၏ ခန့်မှန်းချက်

| | အမှန် ဂျီဒီပီ တိုးတက်မှု (နှစ်အလိုက် ရာခိုင်နှုန်း) | | | စုစုပေါင်းငွေကြေးဖောင်းပွမှု ( နှစ်အလိုက် ရာခိုင်နှုန်း) | | |
|---|---|---|---|---|---|---|
| | ၂၀၁၈ | ၂၀၁၉ ခန့်မှန်း | ၂၀၂၀ ခန့်မှန်း | ၂၀၁၈ | ၂၀၁၉ ခန့်မှန်း | ၂၀၂၀ ခန့်မှန်း |
| ASEAN+3 ဒေသ | 5.3 | **5.1** | **5.0** | **2.0** | **2.1** | **1.9** |
| ဘရူနိုင်း | 0.1 | 2.1 | 2.0 | 0.1 | 0.4 | 0.5 |
| ကမ္ဘောဒီးယား | 7.2 | 7.1 | 7.0 | 2.5 | 2.8 | 3.0 |
| တရုတ် | 6.6 | 6.3 | 6.2 | 2.1 | 2.2 | 1.8 |
| ဟောင်ကောင် | 3.0 | 2.7 | 2.7 | 2.4 | 2.5 | 2.3 |
| အင်ဒိုနီးရှား | 5.2 | 5.1 | 5.1 | 3.1 | 3.5 | 3.5 |
| ဂျပန် (ဘဏ္ဍာနှစ်) | 0.6 | 0.6 | 0.5 | 0.8 | 0.8 | 0.7 |
| ကိုရီးယား | 2.7 | 2.6 | 2.6 | 1.5 | 1.0 | 1.4 |
| လာအို | 6.5 | 6.6 | 6.9 | 2.0 | 2.2 | 2.5 |
| မလေးရှား | 4.7 | 4.6 | 4.7 | 1.0 | 1.6 | 2.2 |
| မြန်မာ(ဘဏ္ဍာနှစ်) | 7.3 | 7.3 | 7.4 | 5.0 | 4.5 | 4.5 |
| ဖိလစ်ပိုင် | 6.2 | 6.4 | 6.6 | 5.2 | 3.0 | 3.0 |
| စင်္ကာပူ | 3.2 | 2.5 | 2.6 | 0.4 | 1.1 | 1.5 |
| ထိုင်း | 4.1 | 3.8 | 3.7 | 1.1 | 1.0 | 1.0 |
| ဗီယက်နမ် | 7.1 | 6.6 | 6.7 | 3.5 | 3.8 | 3.7 |

*ဇာစ်မြစ်။ အမျိုးသားအဆင့် အာဏာပိုင်များနှင့် AMRO အဖွဲ့ ခန့်မှန်းချက်များ*

*မှတ်ချက်။ ဂျပန်အတွက်၊ ၂၀၁၈၊ ၂၀၁၉ နှင့် ၂၀၂၀ အမှန် ဂျီဒီပီတိုးတက်နှုန်းမှာ မတ်လတွင် ကုန်ဆုံးသော ၂၀၁၉၊ ၂၀၂၀၊ ၂၀၂၁ ဘဏ္ဍာနှစ်များကို ရည်ညွှန်းသည်။ ၂၀၁၈ မှစ၍ မြန်မာနိုင်ငံအတွက် အမှန် ဂျီဒီပီ တိုးတက်မှုနှုန်းမှာ အောက်တိုဘာမှ စတင်သည့် ဘဏ္ဍာနှစ်အသစ်ကို ရည်ညွှန်းသည်။ ၂၀၁၈ အချက်အလက်များ မရသေးသည့် နိုင်ငံများအတွက် အချက်အလက်များကို AMRO က ခန့်မှန်းသည်။ အင်ဒိုနီးရှားအတွက် စုစုပေါင်း ငွေကြေးဖောင်းပွမှုမှာ နှစ်အကုန် ကိန်းဂဏန်းများ ဖြစ်သည်။*

*ကြေညာချက်။ [မြန်မာ] ဘာသာဖြင့် ထုတ်ဝေမှုသည် မူရင်းအင်္ဂလိပ်ဘာသာကို ဘာသာပြန်ထားခြင်းဖြစ်သည် (မူရင်းကို ဒေါင်းလုပ်ရယူရန် စကင်ဖတ်ပါ)။ ဘာသာပြန် တိကျစေရန် အဖက်ဖက်မှ အားထုတ်ထားသော်ငြားလည်း၊ ကွဲလွဲမှု တစ်စုံတစ်ရာရှိပါက မူရင်းအင်္ဂလိပ်ဘာသာသည်သာ အတည်ဖြစ်သည်။*